
## ၁၂။ ရွက်စုံစားခူဝါ

**Common hairy caterpillar : *Spilosoma obliqua* (Walker, 1855)**

**Lepidoptera: Erebidae**

### ဖျက်ကောင်ပုံသဏ္ဌာန်များ




လောက်ကောင်၏ ကိုယ်ခန္ဓာမှာ လိမ္မော်ရောင်ရှိပြီး အစွန်းနှစ်ဖက်စလုံးတွင် အဝါမွေးစုတ်များနှင့်အတူ ကျယ်ပြန့်သည့် ကန့်လန့်ဖြတ် အရစ်ပါရှိသည်။ အရွယ်ရောက်ကောင်သည် အနက်ရောင်အစက်များနှင့် အနီရောင် ဝမ်းဗိုက်နှင့်အတူ ကြက်သွေးရောင်ရှိသော ဖလံဖြစ်သည်။ မြောက်မြားစွာသော အနက်စက်များနှင့်အတူ ပန်းရောင်သန်းသည့် တောင်ပံများပါရှိသည်။

### ဖျက်ဆီးပုံလက္ခဏာများ



လောက်ကောင်ငယ်သည် အများအားဖြင့် အရွက်များ၏ အောက်ဖက်မျက်နှာပြင်မှ အငမ်းမရ စားသောက်ကြသည်။ အရွက်များကို စားသောက်ကြပြီး ရွက်ကြွေခြင်းကို ဖြစ်စေသည်။ ဆိုးဝါးစွာကျရောက်ပါက ပင်စည်သာ ကျန်သည်။

### ဘဝစက်ဝန်း

| | |
|---|---|
| ဥ အဆင့် | – (၆ –၉) ရက် |
| လောက်ကောင် အဆင့် | – (၃၅–၄၅) ရက် |
| ရုပ်ဖုံး အဆင့် | – (၁၆–၂၂) ရက် |

အကောင်ကြီး အဆင့် – ( ၅၉– ၇၆ ) ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ထယ်ရေးနက်နက်ထိုးပါ။

(၂)မွေးထူခူကောင်များ အခြေချနေထိုင်သော တစ်ဆင့်ခံလက်ခံပင်များနှင့် ပေါင်းပင်များကို ဖယ် ရှားဖျက်ဆီးပါ။

(၃) ဥများနှင့် ပေါက်ကာစ ခူကောင်များကို လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၄)အရွယ်ရောက်ခူကောင်များကို ကြက်ဆူ၊ ငှက်ပျောရွက်များနှင့် ထောင်ချောက်ဆင်ဖမ်းပါ။

(၅)ခူကောင်များကို ဆွဲဆောင်ရန်ကန်သင်းများပေါ်တွင် ထောင်ချောက်သီးနှံများစိုက်ပျိုးပါ။ (ပဲလွန်း ၊ဆေးကြက်ဆူ၊ ကြက်ဆူ)

(၆)ပင့်ကူများ၊ နှာတံရှည်နံ့ကောင်များ၊ ပုရွက်ဆိတ် များ၊ ပုဇင်းများ၊ လိပ်ခုံးကျိုင်းများ၊ ဇာတောင်ပိုး များကဲ့သို့သော ဇီဝထိန်းချုပ်ပိုးမွှားများကို ထိန်းသိမ်းပါ။

(၈)ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။

- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)
- ဆိုင်ပါမီသရင်(Cypermethrin)